အောက်ပါ အချက်အလက်များသည် မူရင်းဂျပန်ဘာသာ စာသားကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

# ၂၀၂၁ ခုနှစ်၊ မလေ ၂၀ ရက်နေ့မှ

သတိပေး အဆင့် 4

# ခိုလှုံရန် ညွှန်ကြားချက်အရ ခိုလှုံခြင်း

# ခိုလှုံရန် တိုက်တွန်းချက်များကို ထုတ်ပြန်တော့မည်မဟုတ်ပါ။

| သတိပေးအဆင့် | | ခိုလှုံရန် သတင်းအချက်အလက် အသစ် | ခိုလှုံရန် သတင်းအချက်အလက် ရရှိမှု ယခင်စနစ် |
|---|---|---|---|
| 5 | ဘေးအန္တရာယ် ဖြစ်ပွားမှု/ ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ် | အရေးပေါ် လုံခြုံရေး ※1 ဆောင်ရွက်ချက်များ | ဘေးအန္တရာယ်ဖြစ်ပွားမှု သတင်းအချက်အလက်များ ဖြစ်ပွားမှုကို အတည်ပြုနိုင်သည်နှင့် ထုတ်ပြန်သည် |
| ~~~<သတိပေးအဆင့် ၄ ရောက်သည်နှင့် ခိုလှုံရန် ပြင်ဆင်ပါ>~~~ | | | |
| 4 | ဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေ မြင့်မားမှု | ခိုလှုံရန် ညွှန်ကြားချက် ※2 | ·ခိုလှုံရန်ညွှန်ကြားခြင်း (အရေးပေါ်)<br>·ခိုလှုံရန်တိုက်တွန်းခြင်း |
| 3 | ဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေ | သက်ကြီးရွယ်အို စသည်တို့ ခိုလှုံခြင်း ※3 | ခိုလှုံရန်ကြိုတင်ပြင်ဆင်မှု ၊သက်ကြီးရွယ်အိုနှင့် အခြားသော အထူးပြုစောင့်ရှောက်မှု လိုအပ်သည့် ပုဂ္ဂိုလ်စသည်တို့ကို စတင်ခိုလှုံစေခြင်းအတါက် အကပြုခြင်း |
| 2 | ရာသီဥတု ပိုမိုဆိုးရွားလာခြင်း | မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းဒီရေလှိုင်း မငြိတက်ခြင်းတို့အတွက် အကပြုချက်များ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) | မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းဒီရေလှိုင်း မငြိတက်ခြင်းတို့အတွက် အကပြုချက်များ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) |
| 1 | ရာသီဥတု ပိုမိုဆိုးရွားလာနိုင်ခြေ | သတိပေးချက်များ ဖြစ်ပွားနိုင်ခြေ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) | သတိပေးချက်များ ဖြစ်ပွားနိုင်ခြေ (ဂျပန်နိုင်ငံ မိုးလေဝသဆိုင်ရာ ဌာန) |

မှတ်ချက် ၁- သတိပေးအဆင့် 5 ကို အမြဲတစေ ထုတ်ပြန်ခြင်း မရှိပါ။ ဥပမာ စည်ပင်သာယာရေး အာဏာပိုင်များသည် ဘေးအန္တရာယ်၏ အခြေအနေကို တိကျစွာ လက်လှမ်းမီ သိရှိနိုင်ခြင်း မရှိ၍ဖြစ်သည်။

မှတ်ချက် ၂- ယခင်စနစ်အတိုင်း ခိုလှုံရန် တိုက်တွန်းချက် ထုတ်ပြန်သည့် အချိန်နှင့် တပြိုင်နက် ခိုလှုံရန် ညွှန်ကြားချက်ကို ထုတ်ပြန်မည်။

မှတ်ချက် ၃- သတိပေးအဆင့် 3 သည် သက်ကြီးရွယ်အိုစသည့် ပုဂ္ဂိုလ်များအနေနှင့် မိမိတို့ပြုမူဆောင်ရွက်မှုများကို စတင်ပြောင်းလဲနိုင်ရန် သို့မဟုတ် လိုအပ်ပါက ခိုလှုံနိုင်ရန်အတွက် ပြင်ဆင်ရန် သို့မဟုတ် မိမိတို့ အသက်အန္တရာယ်ကို ထိခိုက်နိုင်သည့် ခံစားမှုမျိုး ရရှိပါက မိမိတို့ဘာသာ ပြောင်းရွှေ့ခိုလှုံနိုင်ရန်အတွက် ဖြစ်သည်။

---

သတိပေးအဆင့် 5 ဆိုသည်မှာ ခိုလှုံရန် ပြောင်းရွှေ့မှု မပြုလုပ်နိုင်တော့သည့် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေကို ဆိုလိုသည်။
သတိပေးအဆင့် 5 အရေးပေါ် လုံခြုံရေး ဆောင်ရွက်ချက်များ ထုတ်ပြန်သည့် အချိန်ထိ စောင့်ဆိုင်းခြင်း မပြုပါနှင့်။

ခိုလှုံရန် တိုက်တွန်းချက်များကို ထုတ်ပြန်တော့မည်မဟုတ်ပါ။
ယခုမှစ၍ သတိပေးအဆင့် 4၊ ခိုလှုံရန် ညွှန်ကြားချက်ရသည်နှင့် အန္တရာယ်ရှိသည့် နေရာများမှ နေထိုင်သူအားလုံး ပြောင်းရွှေ့ခိုလှုံသင့်သည်။

သက်ကြီးရွယ်အို သို့မဟုတ် မသန်စွမ်းသူများသည် ခိုလှုံရန် အချိန်ပို၍ လိုအပ်နိုင်သောကြောင့် သတိပေးအဆင့် 3၊ သက်ကြီးရွယ်အို စသည်တို့ ခိုလှုံရန် ညွှန်ကြားချက် ရသည်နှင့် အန္တရာယ်ရှိသော နေရာများမှ ပြောင်းရွှေ့ခိုလှုံသင့်သည်။